ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

# ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၁၆ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ၊ အောက်တိုဘာလ ၈ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားရာတွင် ဖြည့်သွင်းရမည့် အချက်များအား မှန်ကန်စွာစိစစ်တင်ပြနိုင်ရေး အသိပေးကြေညာချက် ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် Tradenet 2.0 စနစ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ဆန်းမှ စတင်၍အဆင့်လိုက် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အချက်အလက်များဖြည့်သွင်းခြင်းကို single entry စနစ်ဖြစ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဖြည့်သွင်းထားသော ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာအချက်အလက်များကို အခြေခံ၍ Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းအတွက် လိုအပ်သောအချက်အလက်များကို ချိတ်ဆက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်လျှောက်ထားရာတွင် ဖြည့်သွင်းထားသော အောက်ပါအချက်အလက်များကို ဖော်ပြပါအတိုင်း ၂၅.၁၀.၂၀၂၀ ရက်နေ့နောက်ဆုံးထား၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ MyCo တွင် ပြည့်စုံမှန်ကန်စွာ ပြင်ဆင်ဖြည့်သွင်းဆောင်ရွက်နိုင်ရန် အသိပေးအကြောင်းကြားသည်-

(က) ကုမ္ပဏီအမည်၊

(ခ) ကုမ္ပဏီ၏ ရုံးခန်း လိပ်စာ (အမှတ်၊ လမ်း၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်း/ဒေသကြီးဟူ၍ အစဉ်အလိုက်ဖော်ပြရန်)

(ဂ) ကုမ္ပဏီ၏ အီးမေးလ်နှင့် ဖုန်းနံပါတ်၊

(ဃ) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အမည်များ၊

(င)　　ကုမ္ပဏီဒါရိုက်တာများ၏ မှတ်ပုံတင်အမှတ် (သို့မဟုတ်) passport အမှတ် (နိုင်ငံသားစိစစ်ရေးကတ်ပြား၏ မှတ်ပုံတင်အမှတ်ပါ (နိုင်) ဟူသောဖော်ပြချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဖြည့်သွင်းရာတွင် သက်ဆိုင်ရာဌာနမှ citizen အတွက် သတ်မှတ်ထားသော(C)ဟု ဖော်ပြရန်) ။

၃။　　ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် အထက်အပိုဒ်ပါ အချက်အလက်များကို သတ်မှတ်ကာလအတွင်း မှန်ကန်စွာပြင်ဆင်ဖြည့်သွင်း ထားခြင်း မရှိပါက Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရာတွင် လည်းကောင်း၊ အွန်လိုင်းလိုင်စင်စနစ်ဖြင့် လိုင်စင်လျှောက်ထားရာတွင်လည်းကောင်း လုပ်ငန်းကြန့်ကြာမှုများ ဖြစ်ပေါ်နိုင်ကြောင်း ကြိုတင်အသိပေးအကြောင်းကြားအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန